ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၂၉-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဂျပန်ကာကွယ်ရေးနေ့ အခမ်းအနားတက်ရောက်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဂျပန်ကာကွယ်ရေးနေ့ အခမ်းအနားတက်ရောက်ရန်။ ဒုတိယဗိုလ်မှူးကြီးထွန်းမြင့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဂျပန်ကာကွယ်ရေးနေ့ အခမ်းအနားတက်ရောက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဂျပန်ကာကွယ်ရေးနေ့ အခမ်းအနားတက်ရောက်ရန်နှင့် ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်-မိုးမောက်-ကျောက်စခန်း-လွယ်ကျယ် ကားလမ်းမကြီးကို ရာသီမရွေး စိတ်ချလက်ချ ကုန်စည်ပို့ဆောင်နိုင်ရန်နှင့် ခရီးသွားလာနိုင်ရန် အဆင့်မြင့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းမကြီးကို ရာသီမရွေး စိတ်ချလက်ချ ကုန်စည်ပို့ဆောင်နိုင်ရန်နှင့် ခရီးသွားလာနိုင်ရန် အဆင့်မြင့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းမှာကတော့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းမကြီးကို ရာသီမရွေး စိတ်ချလက်ချ ကုန်စည်ပို့ဆောင်နိုင်ရန်နှင့် ခရီးသွားလာနိုင်ရန် အဆင့်မြင့်ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ပတ်သက်၍မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဤမေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းပြချက်များကို အနည်းငယ်တင်ပြပါမယ်။ ကျွန်တော်တို့ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းဟာ ဗန်းမော်မြို့မှ အဓိက ကုန်စည် ပို့ဆောင်ရေးနဲ့ ခရီးသွားလာရသော အရေးကြီးသည့် နယ်စပ်ဒေသကားလမ်းဖြစ်ပါတယ်။ ၎င်းကားလမ်း တွင် ကုန်စည်ပို့ဆောင်သည့် (၁၂)ဘီး၊ (၁၀)ဘီး၊ (၆)ဘီး ကားများနှင့် ခရီးသည်ပို့ဆောင်သည့် မှန်လုံ ကားများ၊ အိမ်စီးကားများ၊ သွားလာနေသော ကားလမ်းမကြီးလည်း ဖြစ်ပါတယ်။ ကားကြီး၊ ကားလေး များ တစ်ရက်လျှင် အစီး(၁၀၀)ကျော် အသုံးပြုလျက်ရှိပါတယ်။ ဒါ့အပြင် ဗန်းမော်ခရိုင်အတွင်းမှာရှိတဲ့ လွယ်ကျယ်မြို့၏ တစ်ခုတည်းသော နယ်စပ်မြို့ ကားလမ်းလည်းဖြစ်ပါတယ်။ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းပိုင်းဟာ (၅၇)မိုင် ရှိသော်လည်း ကားကြီးများဟာ ဗန်းမော်မှ ထွက်လျှင် လွယ်ကျယ်သို့ (၇)နာရီခန့်ကြာအောင် မောင်းရပြီး ကားလေးများသည် (၅)နာရီခန့် ကြာမြင့် ပါတယ်။ ထိုကဲ့သို့ ကြာမြင့်ရခြင်းမှာ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းသည် တောင်ပေါ်လမ်းများဖြစ်ပြီး ကားလမ်းမှာကျဉ်းမြောင်း၍ လမ်းများမှာ ဆိုးရွားစွာ ပျက်စီးနေသောကြောင့် ဖြစ်ပါတယ်။ ၎င်းကားလမ်း ကောင်းမွန်မည်ဆိုပါက ကုန်စည်စီးဆင်းမှု မြန်ဆန်မည်ဖြစ်ပြီး နိုင်ငံတော်

အတွက်လည်း အခွန်အခ များစွာရရှိနိုင်သည့် နယ်စပ်မြို့လွယ်ကျယ်၏ တစ်ခုတည်းသော ဗန်းမော်-လွယ်ကျယ် ကားလမ်းကောင်းတစ်ခု ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးကတစ်ဆင့်မေးမြန်းလိုသည်မှာ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းမကြီးသည် မိုင်အားဖြင့် (၅၇)မိုင် ရှိသော်လည်း မြေလမ်း၊ ကျောက်ကြမ်းလမ်း၊ တောင်ပေါ်လမ်းကျဉ်းများ ဖြစ်နေသောကြောင့် ရာသီမရွေး စိတ်ချလက်ချ ကုန်စည်ပို့ဆောင်နိုင်ရန်နှင့် ခရီးသွားလာနိုင်ရန် အဆင့်မြင့်ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဗန်းမော်ခရိုင်အတွင်းရှိ ပြည်သူများ၏ ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း က ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ ဘောလခဲခရိုင်အတွင်းမှာရှိတဲ့ ဘောလခဲမြို့ဟာ တောင်ငူ-မော်ချီး-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးရဲ့ မိုင်တိုင်အမှတ်(၁၄၄)မှာတည်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျေးရွာအုပ်စုအဆင့်ကနေ ကျွန်တော်တို့ မြို့အဆင့်၊ ခရိုင်မြို့နယ်အဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်လာတဲ့အတွက် မြို့တွင်းလမ်းဟာဆိုလို့ရှိရင် ခေတ်အဆက်ဆက် သုံးကြိမ်အထိ တိုးချဲ့ခဲ့ပေမယ့်လည်း ကျွန်တော်တို့ ပေ(၅၀)အထိသာ နယ်နိမိတ်ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ လမ်းမကြီးများ ဥပဒေပြင်ဆင်ချက် ဥပဒေ ၁ အရ ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းနယ်နိမိတ်တွေဟာ ဆိုလို့ရှိရင် (၁၅၀)ပေ ရှိတယ်လို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။ အဲဒီ ဥပဒေ ၁ အရ မြို့တွင်းလမ်းကို စံချိန်မီ (၁၅၀)ပေ ရှိခဲ့မယ်ဆိုလို့ရှိရင် ယခင်နှစ်ပေါင်း များစွာကတည်းက အခိုင်အမာ တည်ဆောက်ထားတဲ့ အိမ်တွေ၊ ခြံတွေ၊ ပလက်ဖောင်းတွေ၊ ဓာတ်မီးတိုင်တွေ၊ သစ်ပင်တွေကို ခုတ်ထွင်ဖြိုဖျက်ရမှာ ဖြစ်တဲ့အတွက် မြို့တွင်းနေ ပြည်သူများဟာ အိမ်များဖြိုဖျက်ရမှာကို အင်မတန်မှ စိုးရိမ်ပူပန်နေကြပါတယ်။

အဲဒါကြောင့် မြို့ခံပြည်သူများအနေနဲ့ စံကိုက်သတ်မှတ်ချက်နဲ့အညီ မြို့ရှောင်လမ်းသစ်ကို ဖောက်လုပ်စေလိုပြီး လက်ရှိလမ်းကို ထပ်မံမတိုးချဲ့စေလိုတဲ့ ဆန္ဒရှိကြပါတယ်။ ယခင်အစိုးရသက်တမ်း

မှာလည်း မြို့ပြစီမံကိန်းအရ မြို့ရှောင်လမ်းကို အဆိုပြုရေးဆွဲထားတယ်လို့ သိရပါတယ်။ အဲဒီ အဆိုပြု မြို့ရှောင်လမ်းဟာဆိုလို့ရှိရင် ကာကွယ်ရေးဝန်ကြီးဌာနပိုင် တပ်မြေထဲမှာ ပါနေတာကို တွေ့မြင်ရပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်ပြည်သူများ၏ စိုးရိမ်ပူပန်မှု ဆင်းရဲခြင်းဒုက္ခမှ ကင်းဝေးပြီး လိုအင်ဆန္ဒများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ဘောလခဲမြို့ မြို့ရှောင်လမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသတစ်ဝိုက်ရှိ ဇုန်များအနက် ဇုန်(၃)ဧရိယာ အတွင်း ပါရှိသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းပေါ်ပေါက်ရာ အဆောက်အအုံ မြေနေရာ များအား အကျိုးရှိအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသတစ်ဝိုက်ရှိ ဇုန်များအနက် ဇုန်(၃) ဧရိယာအတွင်း ပါရှိသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းပေါ်ပေါက်ရာ အဆောက် အအုံ မြေနေရာများအား အကျိုးရှိအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။　။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာပါ။ မေးခွန်း ကို မေးခွင့်ပြုပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လာရောက်ဖြေဆိုပေးသော ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် မဟုတ် ပေမယ့် တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာတွေ မဆုံးရှုံးရအောင် လိုအပ်မယ်လို့ ယူဆတဲ့အတွက် အခုလို မေးမြန်းရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါမေးခွန်းနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကျော်ခန့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည်းကူးမြို့ မှော်ဘီမြို့နဲ့ထိစပ်ရာ ညောင်နှစ်ပင်လို့ လူသိများတဲ့ဒေသမှာ စိုက်ပျိုးမွေးမြူရေးဇုန်များဖြစ်တဲ့ ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃)တို့ ရှိခဲ့ပြီး ဇုန်အားလုံးပေါင်းရဲ့ ငါးပုံတစ်ပုံခန့်ဟာ မှော်ဘီမြို့နယ်ထဲမှာနဲ့ ကျန်လေးပုံတစ်ပုံကတော့ လှည်းကူး မြို့နယ်ထဲမှာ ပါရှိနေရုံမက ဇုန်တစ်ခုလျှင် ဧက(၄၀၀၀)ခန့်ကျယ်တဲ့ နေရာတွေမှာ စိုက်ပျိုးမွေးမြူရေး လုပ်လိုသူများနဲ့ လုပ်ငန်းဖော်ဆောင်ရာနေရာ ဖြစ်ခဲ့ပါတယ်။ ၎င်းတို့ထဲက အမှတ်(၃)ဇုန်အတွင်း ဧက (၆၀၀)ခန့် အကျယ်မြေနေရာပေါ်မှာ (၁၅)နှစ်နီးပါး အချိန်ယူရေးဆွဲခဲ့တဲ့ ၂၀၀၈ အခြေခံဥပဒေရဲ့ သန္ဓေတည်ရာ မီးရှူးသန့်စင်ရာ ပင်မအဆောက်အအုံကြီးများ တစ်ချိန်တစ်ခါက ထည်ထည်ဝါဝါ ရှိခဲ့

ကြပေမယ့် ယနေ့ လက်ရှိအချိန်မှာတော့ တာဝန်ယူဦးဆောင်သူတို့ အသုံးပြုခဲ့ကြတဲ့ အဆောက်အအုံကြီးများ၊ ခန်းမကြီးများဟာ ဘယ်သူတို့နဲ့မှ မပတ်သက်ခဲ့ဖူးသလိုလို အလွန်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ သားချင်းတစ်ယောက်က စိတ်ဖောက်သွားလို့ ကိုယ့်ကိုယ်ကိုတောင် ပြန်မမှတ်မိ၊ လုံးဝမသိတော့တဲ့ ဟန်ပန်၊ တစိမ်းဆန်စွာနဲ့ ဖော်ပြပါအတိုင်း မြင်မကောင်းလောက်အောင် ချုံနွယ်ပိတ်ပေါင်း၊ ရှေးဟောင်းနယ်မြေသဖွယ် တစပြင်လိုတစ်သွယ်နဲ့၊ အစဉ်ထာဝရဆိုသူတို့ကို လောကကြီးရဲ့နိယာမက ဘယ်လိုမှငြင်းဆန်လို့မရအောင် သင်္ခါရကို ဖော်ဆောင် တရားပဲ ပြနေသယောင်ယောင် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ အားသွန်ခွန်စိုက် ချီတက်စိုင်းပြင်းခဲ့ကြသော ခေါင်းဆောင်အသီးသီးတို့ကို တမင်ပြက်ရယ်ပြု လှောင်ပြောင် သတိပဲပေးနေသယောင်ယောင်နဲ့ အမှတ်တမဲ့မြင်ရခိုက်မှာ သံဝေဂရဖွယ်၊ စိတ်မချမ်းမြေ့ဖွယ် ခံစားနေရရုံမက အဆောက်အအုံနဲ့ ပတ်သက်သမျှ ပစ္စည်းမှန်သမျှဟာလည်း အတွင်းရော၊ အပြင်ပါ ထိန်းသိမ်းမှုကင်းစင်ပြီး ပျက်စီးယိုယွင်းခြင်းများ ဖြစ်နေပါတယ်။

ဒါ့အပြင် အဲဒီနေရာနဲ့မလှမ်းမကမ်း အထူးဇုန်(၁)ထဲမှာပဲ ယခင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနပိုင် ဟင်းသီး၊ ဟင်းရွက် အခြောက်ခံစက်ရုံကြီးမှာလည်း ဟီးထနေအောင် ဆောက်ခဲ့ပေမယ့် အသီးအရွက် တစ်လုံးတစ်ခက်မျှ အပူပေးအခြောက်မခံလိုက်ရပါပဲ စက်ရုံပြီးပြီးချင်း အဓိကယန္တရားကြီးများကို လှိုင်းတက်ဘက် ရွှေ့သွားသည်လို့ သတင်းသဲ့သဲ့ ကြားလိုက်ရတဲ့ အဲဒီနေရာကို ယခုလက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင်လည်း ရောက်ခဲ့ဖူးပါတယ်။ ယခင်ကာလများက လုပ်ပိုင်ခွင့်ရှိသူတို့ရဲ့ ပွင့်လင်းမြင်သာစရာမလိုသော တစ်ဦးတစ်ယောက်ရဲ့ အမိန့်နဲ့ ဆောက်ချင်သလို ဆောက်လိုက်ကြ၊ ဘယ်လောက်ကုန်ကုန်၊ ရွှေ့ချင်ရင် ရွှေ့လိုက်ကြ လက်စပျောက်ရင် ပြီးစတမ်း စေလိုရာ စေနိုင်စွမ်းပေမယ့် အခုအခါမှာတော့ နိုင်ငံရဲ့ဘဏ္ဍာများ အလိုအဖိတ် အလဟဿ မဖြစ်စေလို၍လည်းကောင်း၊ အနီးအနားရှိ ဇုန်အတွင်း စိုက်ပျိုးမွေးမြူနေကြသူများကို တစ်နည်းနည်း ဖွံ့ဖြိုးတိုးတက်၍ ဒေသတစ်ခုလုံး၏ စားနပ်ရိက္ခာ ပိုမိုဖြည့်ဆည်းရာ ရောက်စေလို၍လည်းကောင်း ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ထို့အပြင် ညောင်နှစ်ပင် အဆောက်အအုံ၊ မြေနေရာတို့ကို တစ်ခါက Samsung ကုမ္ပဏီကြီးက ကမ်းလှမ်းခဲ့ဖူးပေမယ့် အာဏာပိုင်တို့နဲ့ ညှိနှိုင်းမရခဲ့လို့ ၎င်းတို့ရဲ့ အစီအစဉ်ကို ဗီယက်နမ်သို့ အရွှေ့မှာ ရန်ကုန်တိုင်း၊ လှည်းကူး၊ မှော်ဘီဒေသရှိ လုပ်သား သုံးသောင်းခန့်အတွက် အလုပ်အကိုင်အခွင့်အရေးကို တော့လွဲ လွဲဖူးပါတယ်။ ဒါကြောင့်မို့ ယနေ့ထက်တိုင် လျစ်လျူရှုပစ်ပယ်ခံထားရသော အဆိုပါ ညောင်နှစ်ပင်ဒေသအတွင်းရှိ ၂၀၀၈ ဖွဲ့စည်းပုံ စတင်ရာ အဆောက်အအုံကြီးများနဲ့ မြေနေရာတို့အား (ဥပမာ - လက်တွေ့စိုက်ပျိုးမွေးမြူနေကြတဲ့ တောင်သူကြီးများပါမကျန် လေ့လာသင်ယူလိုသူများအတွက် စိုက်/မွေး အထောက်အကူပြု သင်တန်းကျောင်း သို့မဟုတ် နိုင်ငံတကာနဲ့ အိမ်နီးချင်းအာဆီယံများထက် နိမ့်ကျနေတဲ့ မြန်မာ့ရေလုပ်ငန်းများအား အလျင်အမြန်တိုးတက်စေရန် Fishary ဆိုင်ရာ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များ စသဖြင့်) တစ်စုံတစ်ရာ အကျိုးရှိအောင် မည်သို့မည်ပုံ ပြန်လည်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများ၏ကိုယ်စား သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

အမှတ်(၃)ဇုန်အတွင်း ဧက(၆၀၀)ခန့် မြေနေရာပေါ်ရှိ ခန်းမကြီးအတွင်း မြင်ကွင်းပုံ (န)



ချုံနွယ်ပိတ်ပေါင်းထူထပ်နေသည့် မြင်ကွင်းပုံ (န-၁)



အမှတ်(၁)ဇုန်အတွင်းရှိ ဟင်းသီးဟင်းရွက် အခြောက်ခံစက် မြင်ကွင်းပုံ (န-၂)



**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီး မြို့နယ်ခွဲရှိ နောင်ကားကျေးရွာ၊ တနိုင်ဖက်ကွန် ကျေးရွာ၊ ညောင်ခမ်းကျေးရွာနှင့် ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ် ကျေးရွာသို့ ဆက်သွယ်လျက်ရှိသည့် အတိုဆုံးလမ်းဖြစ်သည့် မြို့နယ်ချင်းဆက် လမ်းမကြီးကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် လမ်းဧရိယာ အကျယ်ပေအတိုင်း မြေသားလမ်းကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီး မြို့နယ်ခွဲရှိ နောင်ကားကျေးရွာ၊ တနိုင်ဖက်ကွန် ကျေးရွာ၊ ညောင်ခမ်းကျေးရွာနှင့် ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ကျေးရွာသို့ ဆက်သွယ်လျက်ရှိသည့် အတိုဆုံးလမ်းဖြစ်သည့် မြို့နယ်ချင်းဆက် လမ်းမကြီးကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် လမ်းဧရိယာ အကျယ်ပေအတိုင်း မြေသားလမ်းကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ တောင်ကြီးမြို့နယ် တောင်ခြမ်းနှင့် ညောင်ရွှေမြို့နယ်အရှေ့ခြမ်းကို အဓိက ဆက်သွယ်ပေးလျက်ရှိတဲ့ အင်းလေးကန်အရှေ့ဘက်ရှိ ပေ(၆၀၀၀)ကျော်ရှိတဲ့တောင်ကြောကို ဖြတ်ဖောက် ထားတဲ့ ဒီမြေလမ်းဟာ ညောင်ရွှေမြို့ကနေ လွယ်ခေါ်၊ လွယ်ခေါ်ကနေ ညောင်ခမ်း၊ တနိုင်ဖက်ကွန်၊ နောင်ကား၊ အဲဒီကနေ မွေတော်ကက္ကူဘုရားကို အတိုဆုံးဆက်သွယ်နိုင်တဲ့ လမ်းဖြစ်ပါတယ်။ ညောင်ရွှေမြို့ကနေ လွယ်ခေါ်အထိကို မြေသားလမ်း ဖောက်လုပ်ပေးပြီး ဖြစ်ပါတယ်။ လွယ်ခေါ်ကနေ

နောင်ကားအထိကို ဒေသခံပြည်သူတွေက ဒေသအစီအစဉ်နဲ့ လမ်းဖောက်လုပ်ထားပါတယ်။ ဒီလမ်းဖောက်လုပ်ထားတာလည်း အလွန်ကြာညောင်းလှပြီ ဖြစ်ပါတယ်။ တောင်ပေါ်ဒေသလမ်းဖြစ်တဲ့အတွက်ကြောင့်လည်း အလွန်ဆိုးရွားလျက်ရှိပါတယ်။ အမှန်က ဒီညောင်ရွှေ-လွယ်ခေါ်-နောင်ကားလမ်းကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်မယ်ဆိုရင် ဒီရှမ်းပြည်နယ်တောင်ပိုင်းရှိ ခရီးသွားလုပ်ငန်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန် ရေဝေရေလဲဒေသကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို ထောက်ထားတဲ့အနေနဲ့ ကျွန်တော့်အနေနဲ့ မြေသားလမ်းကိုပဲ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းကို ဖောက်လုပ်ပေးမယ်ဆိုပါက တောင်ကြီးမြို့နယ် တောင်ခြမ်းရှိ ပြည်သူများနှင့် ညောင်ရွှေမြို့နယ် အရှေ့ခြမ်းရှိ တောင်ပေါ်ဒေသနေပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအတွက် ညောင်ရွှေ၊ မွေတော်ကက္ကူ၊ ဘန်းယဥ်၊ ဟိုပုံး၊ ထန်စမ်းဂူ၊ တောင်ကြီး ဒီခရီးသွားလမ်း တစ်ပတ်ကို အတိုဆုံးနဲ့ အချိန်အနည်းဆုံး သွားရောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီလမ်းကို လာမယ့်ဘဏ္ဍာနှစ်မှာ ဖောက်လုပ်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမယ့် အစီအစဉ်နဲ့ ပတ်သက်၍ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် မှ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ကျယ် ကားလမ်းမကြီးကို ရာသီမရွေး စိတ်ချလက်ချ သွားလာနိုင်စေရန်အတွက် စီစဉ်ထားရှိမှု အခြေအနေနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - စိန်လုံ - လွယ်ကျယ်လမ်းမကြီးသည် အရှည်(၉၁)ကီလိုမီတာ၊ (၅၇)မိုင် ရှိပြီးတော့ ဗန်းမော်မှ မိုးမောက်အပိုင်းဟာ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းအပိုင်းပါဝင်ပြီး

တော့ (၉)မိုင် (၄)ဖာလုံ အရှည်ရှိပြီးတော့ (၂၄)ပေအကျယ် ကတ္တရာလမ်းဖြစ်ပါတယ်။ မိုးမောက်မှ လွယ်ကျယ်အထိသည် မိုးမောက်-ကျောက်စခန်း-စိန်လုံ-လွယ်ကျယ် လမ်းအပိုင်းဖြစ်ပြီးတော့ ကတ္တရာလမ်း(၇)ဖာလုံ၊ ပြောင်းဖူးစေ့ ကျောက်စီလမ်း(၄၆)မိုင် (၅)ဖာလုံ စုစုပေါင်း (၄၇)မိုင် (၄)ဖာလုံ အရှည်ရှိပါတယ်။ မိုးမောက်-လွယ်ကျယ်လမ်း(၄၇)မိုင် (၄)ဖာလုံဟာ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီမှ တရုတ်နိုင်ငံ၏ အဆင့်(၂)ကတ္တရာလမ်းအဖြစ် (၁၂)မီတာအကျယ် ကတ္တရာလမ်းအား (၃)နှစ်အတွင်း အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုရန် တင်ပြခဲ့မှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ ခွင့်ပြုခဲ့ပြီး ပဋိညာဉ်စာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှာ ချုပ်ဆိုခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီသည် စာချုပ်ပါစည်းကမ်းအရ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို (၃)နှစ်အတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်သော်လည်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူးခင်ဗျား။ ယခုအခါမှာ မိုင်တိုင် (၄၆/၄)နဲ့ (၄၇/၄)အကြားမှာ လွယ်ကျယ်မြို့တွင်းပိုင်း အပိုင်းကိုတော့ စံပြလမ်းအနေနဲ့ (၁.၃) ကီလိုမီတာခန့်အား (၁၂)မီတာအကျယ် ကတ္တရာလမ်းခင်းခြင်းကို ဆောင်ရွက်လျက်ရှိပြီးတော့ လမ်းတစ်ခြမ်းမြေတူးခြင်း၊ ကွန်ကရစ်ရေမြောင်း တည်ဆောက်ခြင်း၊ ကျောက်သဲခင်းကြိတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေဆဲပဲ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စံပြလမ်း(၁.၃)ကီလိုမီတာခန့်ကို ကုမ္ပဏီမှ အပြီးဆောင်ရွက်နေတာဖြစ်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကျမှ တစ်လမ်းလုံး ကတ္တရာလမ်း အပြီးတည်ဆောက်နိုင်ရေးအတွက် အသေးစိတ်တိုင်းတာခြင်း၊ ပုံထုတ်ခြင်း၊ ခန့်မှန်းခြေစာရင်းများ ရေးဆွဲခြင်း၊ စက်ယာဉ်၊ ယန္တရားများ ဝင်ရောက်ခြင်းဆိုင်ရာ လိုင်စင်လျှောက်ထားခြင်း လုပ်ငန်းများကို ဆောက်ရွက်လျက်ရှိပါတယ်။ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီမှ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း မှ ကယားပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့တွင် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ကယားပြည်နယ် အစိုးရအဖွဲ့ရဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းဟာဆိုရင် ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်ကို ဖြတ်သန်းသွားတဲ့ ပြည်ထောင်စုမှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ မိုင် (၁၄၃/၄)မှ (၁၄၄/၄)အထိ (၁)မိုင်ဟာ ဘောလခဲမြို့တွင်းလမ်းအပိုင်း ဖြစ်ပြီးတော့ (၁၃၄/၄)မှ (၁၄၄/၀)အထိ (၄)ဖာလုံဟာ (၂၄)ပေအကျယ်ရှိတဲ့ ကတ္တရာလမ်းနှင့် မိုင်တိုင် (၁၄၄/၀)မှ (၁၄၄/၄)အထိ (၄)ဖာလုံကတော့ (၁၈)ပေအကျယ်ရှိတဲ့ ကတ္တရာလမ်း ဖြစ်ပါတယ်။ မြို့တွင်းလမ်းအပိုင်းမှာ (၁)ရက်ကို ပျမ်းမျှ ယာဉ်စီးရေ(၅၀)ခန့်သာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိ လမ်းအကျယ်နှင့် လုံလောက်မှုရှိနေပါသောကြောင့် ထပ်မံပြီးတော့ လမ်းချဲ့

ရန် အစီအစဉ် မရှိတဲ့အတွက် လမ်းဘေးဝဲ/ယာမှာ နေထိုင်လျက်ရှိတဲ့ ပြည်သူများမှလည်း စိုးရိမ်ပူပန်ရန် မလိုအပ်ပါကြောင်းနှင့် လက်ရှိ လမ်းအခြေအနေနှင့် ပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စွာ သွားလာနိုင်ပါသောကြောင့် ဘောလခဲမြို့ရှောင်လမ်းသစ်အား ဖောက်လုပ်ပေးပါရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် အတွင်းမှာရှိတဲ့ ညောင်နှစ်ပင်ဒေသတစ်ဝိုက်ရှိ ဇုန်များအနက် ဇုန်(၃)ဧရိယာအတွင်းပါရှိတဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းပေါ်ပေါက်ရာ အဆောက်အအုံမြေနေရာများအား အကျိုးရှိအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင် သင်တန်းကျောင်း မြေဧရိယာ(၆၀၀)ဧကခန့်မှာ ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန် အကျိုးရှိသော မြို့မြေအသုံးပြုမှု ဖြစ်စေရန်နှင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံ (Conceptual Plan) များ ရေးဆွဲထားပြီး အဆိုပါ စီမံကိန်းများအတိုင်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် စီမံကိန်းတွေကတော့ စက်မှုလုပ်ငန်းဧရိယာ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ၊ သင်တန်းကျောင်း (Vocational School)၊ အိမ်ရာနှင့် စီးပွားဆိုင်ရာ အဆောက်အအုံများ စသည်တို့ ပါဝင်မှာ ဖြစ်ပြီးတော့ စီမံကိန်း၏ ဖြစ်နိုင်စွမ်း အခြေအနေလေ့လာရေး (Detail Feasibility Study) အတွက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ Land & Housing Corporation နှင့် စတင် ဆက်သွယ်ဆောင်ရွက်နိုင်ရေး စီမံထားရှိပြီး ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ယင်းဒေသ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ထွန်းလာခြင်းနှင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေ များစွာရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့နယ်ခွဲရှိ နောင်ကားကျေးရွာ၊ တနိုင်ဖက်ကွန်ကျေးရွာ၊ ညောင်ခမ်းကျေးရွာနှင့် ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ် ကျေးရွာသို့ ဆက်သွယ်လျက်ရှိတဲ့ အတိုဆုံးလမ်းဖြစ်သည့် မြို့နယ်ချင်းဆက် လမ်းမကြီးကို နိုင်ငံတော်မှ

သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း မြေသားလမ်းကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဥ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ နောင်ကား-တနိုင်ဖက်ကွန်-ညောင်ခမ်းမှ လွယ်ခေါ်ကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ညောင်ရွှေမြို့အထိ လမ်းကြောင်းသည် (၁၁)မိုင်(၅)ဖာလုံ ရှည်လျားသည့် လမ်းကြောင်းဖြစ်ပါတယ်။ နောင်ကား-တနိုင်ဖက်ကွန်-ညောင်ခမ်း-လွယ်ခေါ်ကျေးရွာအထိ (၇)မိုင်(၅)ဖာလုံမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ဧရိယာမှာ ပါဝင်ပါတယ်။ သို့သော် တနိုင်ဖက်ကွန်- ညောင်ခမ်းအထိ (၁)မိုင်(၆)ဖာလုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးတော့ ကောင်းမွန်လျက်ရှိပါတယ်။ ကျန်ရှိတဲ့လမ်းအပိုင်း (၅)မိုင်(၇)ဖာလုံအား ဒေသအစီအစဥ်ဖြင့် (၁၂)ပေအကျယ် ကျောက်ကြမ်းလမ်း ဆောင်ရွက်ထားပြီးတော့ အဆိုပါကျောက်ကြမ်းလမ်းဟာ လမ်းအကျယ်(၁၂)ပေရှိပြီးတော့ မြေသားလမ်း(၁၂)ပေခန့် ချဲ့ထွင်ပေးရန် မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းအပိုင်း (၅)မိုင်(၇)ဖာလုံ လမ်းကြောင်းအား မြေသားလမ်းချဲ့ထွင် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသအစီအစဥ်ဖြင့် ကျောက်ကြမ်းလမ်း(၁၂)ပေ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသဖြင့် မြေသားလမ်း(၁၂)ပေခန့်သာ ထပ်မံချဲ့ထွင်ရန် လိုအပ်မည်ဖြစ်သောကြောင့် န.တ.လ၏ မြေသားလမ်း(၁)မိုင် ခွင့်ပြုနှုန်းထား (၂၁.၉၂၉)သန်း ဖြစ်တဲ့အတွက် မြေသားလမ်း(၁)မိုင် ခွင့်ပြုငွေ၏ တစ်ဝက်နှုန်းထားဖြင့် ခွင့်ပြုဆောင်ရွက်နိုင်မည့် အနေအထား ဖြစ်ပါတယ်။ အဆိုပါလမ်းအပိုင်းတွင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ပြည်နယ်ဘတ်ဂျက်ဖြင့် (၁၅)ပေ ကွန်ကရစ် တံတား (၁)စင်းတည်ဆောက်ပေးခဲ့ပြီး မြေသားလမ်းချဲ့ထွင် ဆောင်ရွက်မည်ဆိုပါက ကွန်ကရစ်ရေပြွန် (၉)စင်း ထည့်သွင်းဆောင်ရွက်ပေးရန် ထပ်မံလိုအပ်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ နောင်ကား - တနိုင်ဖက်ကွန် - ညောင်ခမ်း မှ ညောင်ရွှေမြို့နယ် လွယ်ခေါ်ကျေးရွာသို့ ဆက်သွယ်သည့် လမ်းအပိုင်း (၇)မိုင်(၅)ဖာလုံအနက် (၅)မိုင်(၇)ဖာလုံအား မြေသားလမ်း ချဲ့ထွင်ခြင်း အပါအဝင် ကျောက်ချောလမ်းအဖြစ် တစ်ပါတည်း အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် ၎င်းလမ်းအပိုင်းတွင် လိုအပ်သော ရေပြွန်(၉)စင်းတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘတ်ဂျက်မှ လျာထားပြီး ဘဏ္ဍာငွေခွဲဝေ ရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည့် ဧရိယာတွင် ပါဝင်သော ညောင်ရွှေမြို့နယ်၊ လွယ်ခေါ်ကျေးရွာမှ တောင်ကြီးမြို့နယ်၊ နောင်ကားကျေးရွာသို့ ဆက်သွယ်နိုင်သည့် ညောင်ရွှေမြို့နယ် အပိုင်းရှိ မြေသားလမ်းအရှည်(၄)မိုင်၊ လမ်းအကျယ်(၆)ပေမှ (၁၈)ပေအကျယ် မြေသားလမ်းချဲ့ခြင်း လုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက် လမ်း၊ တံတား ငွေလုံးငွေရင်း မွမ်းမံရန်ပုံငွေ ကျပ်(၅၀)သန်းဖြင့်

ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်ရှိ (၁၀)ပေတံတား(၃)စင်းနှင့် Box Culvert တံတား(၃)စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ကျေးလက်လမ်းတံတား (၅)နှစ်စီမံကိန်း၏ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းရေးဆွဲတင်ပြပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါ။ ငွေကြေးများစွာ ကုန်ကျခံပြီးမှ လုံးဝအသုံးမပြုလိုက်ရတဲ့ သစ်သီးဝလံ အခြောက်ခံ အဆောက်အအုံစက်ရုံနဲ့ ပတ်သက်လို့ ဒုတိယဝန်ကြီးအနေနဲ့ မှတ်ချက်တစ်စုံတစ်ရာ ပေးရန် ရှိပါသလားခင်ဗျား။

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။**　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်သီးဝလံ အခြောက်ခံစက်နဲ့ ပတ်သက်ပြီးလို့တော့ သက်ဆိုင်ရာကို မေးမြန်းပြီးတော့ ပြန်လည်ဖြေကြားပါမယ် ခင်ဗျား။

**ဥက္ကဋ္ဌ။**　　။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း

လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇-၂၇၃
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၂၂ ရက်

၁။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ၃၁ - ၅ - ၂၀၁၇ ရက်နေ့တွင် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ၂-၆-၂၀၁၇ ရက်နေ့တွင် ပြန်လည် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး က ၁၉-၆-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးတဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၁-၆-၂၀၁၇ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်တွေ ကတော့ -

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေ ကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ် -

(က) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင် ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင် ဆွေးနွေးဖို့အတွက် ပြည်ထောင်စုလွှတ်တော်က ၁၆-၁၂-၂၀၁၆ ရက်နေ့တွင် ပေးပို့ လာခြင်း ဖြစ်ပါတယ်။

(ခ) ဤဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ၂၃-၂-၂၀၁၇ ရက်နေ့မှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ) အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၇-၂-၂၀၁၇ ရက်နေ့ ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ဖော်ပြလျက် အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း

ပေးသွင်းနိုင်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၈ အရ အဲဒီနေ့မှာ တစ်ခါတည်း ကြေညာခဲ့ခြင်းဖြစ်ပါတယ်။

(ဂ) သတ်မှတ်ရက်၊ သတ်မှတ်ချိန်အထိ အဲဒီဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ (က)အရ တင်သွင်းခဲ့ခြင်းမရှိတဲ့အတွက် ၇ - ၃ -၂၀၁၇ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ အရ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။

(ဃ) အဲဒီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၃၁-၅-၂၀၁၇ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ပြင်ဆင်ချက်များနဲ့ သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်၌ အတည်ပြုတဲ့ ဥပဒေကြမ်းနှင့် အတည်ပြုချက်ဇယားတို့ကို ပူးတွဲပြီး အမျိုးသားလွှတ်တော်ကို ၂-၆-၂၀၁၇ ရက်နေ့မှာ ပြန်လည်ပေးပို့လာခြင်း ဖြစ်ပါတယ်။

(င) တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ သဘောတူအတည်ပြုခဲ့သည့် ဥပဒေကြမ်းအပေါ် ၁၉-၆-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရပါတယ်။

(စ) အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅၊ နည်းဥပဒေခွဲ (င) မှာ အောက်ပါအတိုင်းဖော်ပြထားပါတယ်ရှင် -

၁၉၅။ လွှတ်တော်က အတည်ပြုပြီးပေးပို့သည့် ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင်-

(င) ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆီလျော်ညီညွတ်စေရန် ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်း သို့မဟုတ် ထိုပြင်ဆင်ချက်၏ အကြောင်းအရပ်များနှင့် သက်ဆိုင်သော ပြင်ဆင်ချက် ပြုလုပ်ခြင်းမှတစ်ပါး နောက်ထပ်ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်း မပြုရလို့ တားမြစ်ထားပါတယ်။

(ဆ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆွေးနွေးချက်တွေဟာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအပေါ်တွင် အခြေပြုဆွေးနွေးခြင်းမဟုတ်ဘဲ မူရင်းတည်ဆဲ ဥပဒေနှင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီးဖြစ်သည့် အပိုဒ်၊ အပိုဒ်ခွဲများ အပေါ်တွင်သာ အကြံပြုဆွေးနွေးခဲ့ခြင်းဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဇ) ဥပဒေကြမ်းများအပေါ် အကြံပြုဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် ဖော်ပြထားတဲ့ ဥပဒေကြမ်းကို ဆွေးနွေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း မိမိတို့ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို တိကျစွာ ဖော်ပြလျက် ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေးရန် လိုအပ်ကြောင်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက လေ့လာသုံးသပ် ရရှိပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုဆွေးနွေးချက်များကို လေ့လာစိစစ်ရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာကို တင်သွင်းအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ် တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည် ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး က အကြံပြု ဆွေးနွေးခဲ့ ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သော လွှတ်တော် ကိုယ်စားလှယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး ခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသာ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီ ရဲ့ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ -၂၇၁
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ၇-၆-၂၀၁၇ ရက်နေ့တွင် ပြန်လည်ပေးပို့လာ

ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး က ၂၁-၆-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပြီး ယင်းနေ့တွင်ပင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး က အကြံပြု ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသာ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်း၍ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသည့် တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အသစ်ဖြည့်စွက်ချက် အပိုဒ်၂(ဂ)ကို ကျွန်တော့်အနေနဲ့ ထပ်ပြီး ဖြည့်စွက်မှာ ဖြစ်ပါတယ်။ အပိုဒ်(ဂ)မှာ ကျေးရွာဆည်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်တင်ပြချက်အရ ကျေးရွာဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း သို့မဟုတ် ရေလှောင်တမံနှင့်ကန်ကို ဆိုသည်။ ကျိုးကြောင်းဖော်ပြ ချက်အနေနဲ့ကတော့ မကွေးတိုင်းဒေသကြီးက ဧရာဝတီမြစ်အတွင်းမှာ စီးဝင်နေတဲ့ ချောင်းလက်တက် များ ပေါများစွာရှိပြီး အဆိုပါ ချောင်းလက်တက်များကနေ ကမ်းခြေအနီးမှာ တစ်ဖက်ယက် ရေကို ပိတ်လျက် ရေယူပြီး သီးနှံစိုက်ပျိုးကြပါတယ်။ ဒီလို စိုက်ပျိုးတဲ့နေရာမှာ လယ်ယာစိုက်ပျိုးတဲ့တောင်သူ များစွာရှိသလို စိုက်ဧက များစွာရှိပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ စလင်းမှာဆိုရင် သစ်ခက်ဆည်(၁၃)မြောင်း၊ စေတုတ္တရာမှာဆိုရင် သစ်ခက်ဆည်(၁၁၈)မြောင်း ရှိပါတယ်။ ဒီ ဆည်မြောင်းတွေရဲ့ အခြေအနေအရပ်ရပ်ကို ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ အသေးစိတ် စိစစ်မှုတွင် အချိန်နှင့်တစ်ပြေးညီ ဖြစ်စေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်တင်ပြချက်ဟု ဖြည့်သွင်းရန် အဆိုပြုခြင်း ဖြစ်ပါတယ်။ သစ်ခက်ဆည်တွေကို ကျေးရွာဆည်မြောင်းအဖြစ် ထည့်သွင်း သတ်မှတ်ခြင်းဖြင့် ဆည်မြောင်းထိန်းသိမ်းရေးဦးစီးဌာန၏

ထိန်းသိမ်းမှုဆိုင်ရာ အကူအညီကို ရယူရမလို တောင်သူများ မြောင်းပြုပြင်ရာတွင်လည်း လွယ်ကူချောမွေ့စေမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ အသစ်ဖြည့်စွက်ချက် ပြည်သူ့လွှတ်တော်ရဲ့ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ (စ)မှာ ရေနုတ်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်တင်ပြချက်အရ ကျေးရွာရေနုတ်မြောင်း အဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်လို့ ကျွန်တော် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စိစစ်ချက်၊ စိစစ်တင်ပြချက် ဆိုတာလေးကို ဖြည့်စွက်တာ ဖြစ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်ကတော့ အထက်မှာ တင်ပြပြီးသားအတိုင်းပဲ ဖြစ်ပါတယ်။ နောက်တစ်ခါ အပိုဒ်ခွဲ ၇(က) ၁ က ခရိုင်အုပ်ချုပ်ရေးမှူးသည် မြေယာလျော်ကြေးကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ဆိုတဲ့နေရာမှာ သတ်မှတ်ချက်နှင့်အညီ ခရိုင်လယ်ယာမြေစိစစ်ရေးအဖွဲ့များ ပါဝင်လျက် စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးရမည်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့တော့ မြေယာပေးတဲ့နေရာမှာ မြေယာလျော်ကြေးပေးတဲ့နေရာမှာ ပိုင်ဆိုင်ခြင်းအငြင်းပွားမှုများ မပေါ်ပေါက်စေရေးကို ပိုမိုချောမွေ့စေရန် မြေယာနှင့် ထိတွေ့ဆက်စပ်မှုရှိတဲ့ ခရိုင်လယ်ယာမြေစိစစ်ရေးအဖွဲ့များကို ထည့်ဖွဲ့ရန် ဆိုတဲ့ အဆိုပြုခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁ဝး၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁ဝး၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂ဝ၁၇ ခုနှစ်၊ ဇွန်လ ၃ဝ ရက် (သောကြာနေ့) နံနက် ၁ဝး၀ဝ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁ဝး၄၆ နာရီအချိန်တွင် ရပ်နားပါသည်။]